# ကရုဏာ ကျန်းမာ ချိတ်ဆက်ကူညီရေးအဖွဲ့ (HIV/ AIDS)

No-(67/69), Room 7-B, MTP Condo, Parami Road, Hlaing Township, Yangon, Myanmar

Tel: 09 969004340, 09 989074979

Email: nnnhealth.mm@gmail.com

## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

| ရာထူးအမည် | Township Coordinator |
|---|---|
| ခေါ်ယူမည့်ဦးရေ | (၆) ဦး |
| အစီရင်ခံရမည့်ပုဂ္ဂိုလ် | စီမံချက်အရာရှိ/ အလုပ်အမှုဆောင် |
| စာချုပ်သက်တမ်း | ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ (သက်တမ်းတိုးနိုင်ခြေများပါသည်) |
| နေရာ | ရန်ကုန်(သာကေတ)၊ ပုသိမ်၊ တောင်ငူ၊ မုံရွာ၊ မိတ္ထီလာ၊ ကော့သောင်း။ |

၁။ ကရုဏာ ကျန်းမာချိတ်ဆက် ကူညီရေးအဖွဲ့ (HIV/AIDS)_3N သည် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ပေါင်း (၆၄) ဖွဲ့ဖြင့် ၂၀၀၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် စတင်ကွန်ရက်ချိတ်ဆက် တည်ထောင်ခဲ့ပြီး ပြည်တွင်းလူထုဦးဆောင်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကရုဏာကျန်းမာ_3N သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် အသင်းအဖွဲ့ မှတ်ပုံတင်အမှတ် (အမှတ် ၁/ ပြည်တွင်း / ၀၁၀၅) ဖြင့် မှတ်ပုံတင်ထားရှိပြီး HIV နှင့် နေထိုင်သူများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် နှောင့်ယှက်ခြင်းမှ ကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးရန် မျှော်မှန်းထားပြီး တန်းတူညီမျှ အခွင့်အရေး ရရှိစေရန်နှင့် HIV နှင့်ပတ်သက်သော အသိပညာများမျှဝေကာ HIV/AIDS ကာကွယ်ရေး၊ ကုသရေး စီမံချက်များကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

ကရုဏာကျန်းမာ_3Nသည် မြန်မာနိုင်ငံရှိ မတူညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပူးပေါင်းလုပ်ဆောင်မှုများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စီမံချက်များကို ပြည်တွင်း/ပြည်ပ အလှူရှင်များအပြင် ကုလသမဂ္ဂအေဂျင်စီများ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကရုဏာကျန်းမာ_3Nသည် အပြုသဘောဆောင်လူထုအကြံပြုတုံ့ပြန်မှုစီမံချက် (CFM Project) အား ဖော်ဆောင်ရန် အထက်ပါဒေသများ၏ Township Coordinator ရာထူးနေရာအတွက် အောက်ပါသတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

ကရုဏာ ကျန်းမာ ချိတ်ဆက်ကူညီရေးအဖွဲ့ (HIV/ AIDS)
No-(67/69), Room 7-B, MTP Condo, Parami Road, Hlaing Township, Yangon, Myanmar
Tel: 09 969004340, 09 989074979
Email: nnnhealth.mm@gmail.com

၂။ CFM Township Coordinator ၏အရည်အချင်းသတ်မှတ်ချက်

- အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။
- မြန်မာစာကို ကျွမ်းကျင်စွာ ရေးတတ်၊ ဖတ်တတ်၊ ပြောတတ်သူဖြစ်ရမည်။
- ဦးတည်အုပ်စုဝင်များ ဦးစားပေးလျှောက်ထားနိုင်ပြီး ဦးတည်အုပ်စုနှင့် ဆက်သွယ် ဆက်ဆံနိုင်သူ ဖြစ်ရမည်။
- အိပ်ချ်အိုင်ဗွီနှင့်ပတ်သက်သော စီမံချက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ အနည်းဆုံး (၂) နှစ် ရှိရမည်။
- အိပ်ချ်အိုင်ဗွီကူးစက်ခံရသူများနှင့် ဦးတည်အုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုမရှိပဲ ဆက်ဆံနိုင်သူ ဖြစ်ရမည်။
- လျှို့ဝှက်ထိန်းသိမ်းနိုင်စွမ်းရှိသူဖြစ်ရမည်။

၃။ CFM Township Coordinator ၏တာဝန်ဝတ္တရားများ

- တစ်လလျှင် အနည်းဆုံး အလုပ်လုပ်ရက် (၁၅) ရက်ရှိရမည်။
- သက်ဆိုင်ရာမြို့နယ်ရှိ ဦးတည်အုပ်စုများအတွင်း ဖြစ်ပေါ်နေသော ကျန်းမာရေးအခွင့်အရေး ချိုးဖောက်ခံရမှုများကို အနည်းဆုံးတစ်လလျှင် (၃) ခုကို ကောက်ယူပြီး MyRights Application မှတဆင့် မှတ်တမ်းတင်နိုင်ရမည်။
- Case တစ်ခုကို (၂) ကြိမ်အထိ Follow up သွားရမည်။
- မိမိမြို့နယ်အတွင်း CFM နှင့်သက်ဆိုင်သော အစည်းအဝေးများ ဖြစ်မြောက်ရန် သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရမည်။
- Case Verification Meeting များနှင့် ဒေသအဆင့် CFM အစည်းအဝေးများကို ပုံမှန်တက်ရောက်ပြီး မိမိမြို့နယ်အတွင်း ကောက်ယူထားသော ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဦးဆောင်ဆွေးနွေးပေးရမည်။
- ဗဟိုအဆင့်သို့တင်ပြရန်လိုအပ်သော ဖြစ်စဉ်များကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပုံမှန် တင်ပြပေးနိုင်ရမည့်အပြင် အစည်းအဝေးဆုံးဖြတ်ချက်များကို Follow up ပြုလုပ်ပေးရမည်။
- မိမိတို့မြို့နယ်အတွင်း ကောက်ယူရရှိသော ဖြစ်စဉ်များကိုသုံးသပ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သော Advocacy ပြုလုပ် နိုင်ရမည်။
- ဒေသဆိုင်ရာအစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်းများကို လစဉ်သက်ဆိုင်ရာကွန်ရက်များသို့ ပေးပို့နိုင်ရမည်။

**ကရုဏာ ကျန်းမာ ချိတ်ဆက်ကူညီရေးအဖွဲ့ (HIV/ AIDS)**

No-(67/69), Room 7-B, MTP Condo, Parami Road, Hlaing Township, Yangon, Myanmar

Tel: 09 969004340, 09 989074979

Email: nnnhealth.mm@gmail.com

- ဒေသအတွင်းရှိဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများထံသို့ တစ်လလျှင် (၁) ကြိမ် Advocacy Visit သွားရောက်ရမည်။
- ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်လွဲပြောင်းလုပ်ဆောင်နိုင်ရမည်။
- လိုအပ်ပါက သက်ဆိုင်ရာအထက်လူကြီးများ၏ ညွှန်ကြားချက်အတိုင်း ကွန်ရက်၏ ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရမည်။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ကရုဏာကျန်းမာ_3N ၏ Email ဖြစ်သော nnnhealth.mm@gmail.com သို့ဖြစ်စေ၊ Viber No. 09989074979 သို့ဖြစ်စေ **(၁၁ရက်၊ ဇူလိုင်လ၊ ၂၀၂၅) ညနေ (၅)နာရီ** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။ (သတ်မှတ်ကာလအား ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများအား ထည့်သွင်းစဥ်းစားခြင်းပြုမည် မဟုတ်ပါ)

❖ ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးဖြင့် အသက်ရှင်နေထိုင်သူများ၊ အမျိုးသမီးများ ဦးစားပေး လျှောက်ထားနိုင်ပါသည်။

✓ ***No requirement for phone inquiry***

✓ *No Photo Copy of Certificates*

✓ *Only short-listed candidates will be notified.*

***We promote equal opportunity in terms of age, gender, disability, religion, or ethnicity and encourage all qualified and interested candidates to apply.***

***3N expects its employees to zero tolerance to the 3N Code of Conduct, including the PSEA policy at all times.***